သူများမျက်ရည်နှင့် ခြေမဆေးချင်ပါနှင့်၊ သူများကို ဒုက္ခပေးပြီးမှ ရရှိမည့် ချမ်းသာမှုမျိုးကို လိုချင်သော သူသည် ရန်သူနှင့် အကြဲ နေရသကဲ့သို့ ရန်မှ မလွတ်နိုင်ချေ။

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်ဘုရားကြီး)

စေတနာသည် လူတိုင်းနှင့်မတန်ပါလို့ စာတန်းတွေ ကပ်ထားကြတာ အိမ်အချို့မှာ တွေ့ရတယ်။ အလကားရတဲ့ စေတနာကိုပဲ နှမြောတွန့်တိုရာ ရောက်နေရင် ကောင်းပါ့မလား။ စဉ်းစားကြနော်။

ဘဒ္ဒန္တကောသလ္လ (ရွှေဥမင်ဆရာတော်ဘုရားကြီး)

ဘယ်အလုပ်ပဲဖြစ်ဖြစ် လုပ်သင့်တာကို ကိုယ့်အသိနဲ့ ကိုယ်လုပ်ရတယ်။ ကိုယ့်အသိနဲ့ ကိုယ်လုပ်ရင် သခင်စိတ်၊ သူများနိုင်းမှ လုပ်ရင် ကျွန်စိတ်။

အရှင်ပညာဇောတ (မွေ့ဒုတ်ဆရာတော်ဘုရားကြီး)

ကိုရင်တို့ ... စိတ်ထားကို မြင့်မြတ်အောင်ထားပါ။ စိတ်ကြီးဝင်ကြစမ်းပါ။

အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး)

မိမိ ကိုယ် နှုတ် စိတ်ထားများကို ပညာမှန်ပြင်တွင် ထင်ကာထင်ကာ ကောင်းမကောင်းကြည့်၍ မကောင်းလျှင် ကောင်းအောင် ပြင်ပေးရမည်။

အရှင်ဝါသေဋ္ဌာဘိဝံသ (သင်ဖြူကန်ဆရာတော်ဘုရားကြီး)

လူတို့ သီလစောင့်ထိန်း၍ ဖြောင့်မတ်ကာ ချစ်ခြင်းမေတ္တာ စာနာစိတ်ဖြင့် နားလည်မှုရှိကြလျှင် ဘဝသည် နေပျော်ဖွယ်ဖြစ်ကြောင်း ဗုဒ္ဓဝါဒက သက်သေထူသည်။

အရှင်သေဋ္ဌိလာဘိဝံသ (ကမ္ဘာ့သာသနာပြုဆရာတော်ဘုရားကြီး)

Design:Ko Zaw

စိန်းလသော်တာ